## (၅) ငှက်ပျောရွက်ထိပ်စုစည်းရောဂါ (ပင်ပု)  (Bunchy top of banana)

**ရောဂါဖြစ်စေသက်ရှိ  -** ***(Banana bunchy top virus)***

**ရောဂါလက္ခဏာ**

ပျပိုးသည် ငှက်ပျောထိပ်စုစည်းရောဂါ(ပင်ပု) ဖြစ်စေသော ဗိုင်းရပ်စ်ပိုးကို သယ်ဆောင်ခြင်း /ရောဂါရှိငှက်ပျောသားတက်များ စိုက်ပျိုးခြင်းဖြင့် ရောဂါကူးစက်ပျံ့နှံ့အပင်ကြီးထွား မှုအဆင့်တိုင်းတွင် ရောဂါကျရောက်နိုင်သည်။ အရွက်လိပ်နေစဉ်တွင် အဖြူရောင်အစင်းကြောင်းအဖြစ် ရွက်ကြောငယ် တစ်လျောက်တွင်ရှိနေပြီး အရွက်လိပ်ပြေ သွားချိန်တွင် ယင်းအစင်းကြောင်း မှာ အစိမ်းရင့်ရောင်သို့ ပြောင်းသွားသည်။ အလင်းအောက် တွင် အရွက်အောက်မျက်နှာပြင်ကို ကြည့်ပါက အရွက်အလယ်ကြောအတွင်းသို့ ဝင်ရောက်နေသကဲ့သို့ ချိတ်ကောက်ပုံသဏ္ဍာန် အစိမ်း ရောင်အစင်းကြောင်းကို တွေ့မြင်နိုင်သည်။ အရွက်များတွန့်လိမ်စု စည်း လာခြင်း (အရွက်တစ်ရွက်နှင့်တစ်ရွက်ကြား ဧရိယာကျဉ်းမြောင်းလာခြင်း)/ အပင်ပုခြင်း နှင့် သာမန်ထက် အပင် ထောင်မတ်နေခြင်းသည် သိသာသောလက္ခဏာဖြစ်သည်။ ရောဂါကျ အသီးများသည် အခိုင်ဖြစ်ထွန်းရန်နှင့် အသီးတင်ရန် ခက်ခဲသည်။ အသီးတင်ပါကလည်း အရွယ် အစားသေးငယ်ခြင်း၊ ပုံသဏ္ဍာန်မမှန်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ ပန်းခိုင်၏ ပွင့်အုပ်ဖတ်များ ထိပ်တွင်လည်း အစိမ်းရင့်ရောင်အစင်းကြောင်း များကို တွေ့မြင်နိုင်သည်။





**ကာကွယ်နှိမ်နင်းနည်း**

- ရောဂါကျနေသောအပင်များနှင့် ပေါင်းမြက်များကို ရှင်းလင်းပါ။
- ရောဂါသယ်ဆောင်သော ပျပိုးအား ကာကွယ်နှိမ်နင်းရန် ပင်လုံးပြန့် ပိုးသတ်ဆေး တစ်မျိုးမျိုးကို အသုံးပြုပါ။
- ရောဂါကျ အပင်များမှ သားတက်များကို မစိုက်ပျိုးရပါ။
- ခံနိုင်ရည်ရှိသောမျိုး/တစ်ရှူးနည်းဖြင့် မျိုးပွားထားသောမျိုးများကို ပြောင်းလဲစိုက်ပျိုးပါ။